**ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး**
**ဗဟိုဌာနချုပ်**
**ကော်သူးလေ**
www.knuhq.org

# ကရင့် ရိုးရာ လါးခု ချည်ဖြူဖွဲ့ မင်္ဂလာ အခမ်းအနားသို့ ပေးပို့သော ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၏ သဝဏ်လွှာ

နေ့စွဲ - ၂၇၆၀ ခုနှစ်၊ လါးခု လပြည့်နေ့၊
ဩဂုတ်လ (၂၂)ရက်၊ ၂၀၂၁ခုနှစ်။

**ကရင့် အမျိုးသား အပေါင်းတို့**

ယနေ့ ကရင့်သက္ကရာဇ် ၂၇၆၀ ခုနှစ်၊ လါးခု လပြည့်နေ့သည် ကရင့်တစ်မျိုးသားလုံး၏ **ကရင့်ရိုးရာ ချည်ဖြူဖွဲ့ မင်္ဂလာနေ့** ဖြစ်ပါသည်။ ယနေ့ **ကရင့်ရိုးရာ ချည်ဖြူဖွဲ့ မင်္ဂလာနေ့** အခါသမယ တွင် ကေအဲန်ယူ-ကရင်အမျိုးသား အစည်းအရုံး၊ ဗဟိုဌာနချုပ်မှ ကရင့်အမျိုးသား အားလုံး ကိုယ်စိတ်နှစ်ဖြာ ရွှင်လန်းချမ်းမြေ့လျက် ဘေးရန်ခပ်သိမ်းမှ ကင်းဝေးပြီး သာယာဝပြောသည့် ဘဝအသက်တာများကို ပိုင်ဆိုင်နိုင်စေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ကရင့် အမျိုးသား ရိုးရာချည်ဖြူဖွဲ့ မင်္ဂလာနေ့မြတ်သည် ရှေးပဝေသဏီကာလကတည်းကပင် ဆင်းသက်လာသည့် ရိုးရာ ဓလေ့ထုံးတမ်းစဉ်လာ တစ်ခုဖြစ်ပြီး ယုံကြည်မှုနှင့် ဘာသာအယူဝါဒများမှ ဆင်းသက်လာသည့် ခေတ်သစ် ရိုးရာယဉ်ကျေးမှု တစ်ခု မဟုတ်ပါ။

ကရင့် အမျိုးသား ရိုးရာယဉ်ကျေးမှု ချည်ဖြူဖွဲ့ မင်္ဂလာပွဲတော်အရ ကရင့်အမျိုးသားများတို့၏ သမိုင်းနှင့် ယဉ်ကျေးမှုများသည် ရှေးပဝေသဏီကတည်းကပင် ဆင်းသက်တည်ရှိလာသည့် ရိုးရာ၊ ဓလေ့၊ ထုံးတမ်းစဉ်လာများဖြစ်ကြောင်းကို ဖေါ်ညွှန်းထားသည့် ရိုးရာယဉ်ကျေးမှုဖြစ်ပါသည်။ ကရင့်အမျိုးသားများ၏ သမိုင်း၊ ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့ထုံးတမ်းအတိုင်း ထိုရိုးရာဓလေ့ထုံးတမ်းများကို ခေတ်အဆက်ဆက်က ကျင့်သုံးကျင်းပလာခဲ့ကြသည်မှာ ယနေ့ထက်ထိတိုင် ဖြစ်ပါသည်။

ရှေးခေတ်က ကရင့် အမျိုးသားများသည် မိမိတို့၏ အဝေးရောက်သားသမီးများနှင့် မွေးရပ်မြေရှိ သားသမီးများ သိကျွမ်းရင်းနှီးကြပြီး  စည်းလုံးညီညွတ်မှုရှိရန် တစ်နှစ်တစ်ကြိမ် ပြန်လည်ဆုံစည်းစေပါသည်။ နေရာဒေသ အသီးသီးတွင် အဝေးရောက်နေကြသော သားသမီး တစ်ဦးနှင့် တစ်ဦး၊ မိသားစု တစ်စုနှင့် တစ်စု သိကျွမ်းရင်းနှီးကြပြီး မိသားစု တစ်ဦးဦး သို့မဟုတ် မိသားစု တစ်စုစုမှ

ဒုက္ခအခက်အခဲများနှင့် ရင်ဆိုင်နေရပါက စည်းစည်းလုံးလုံးဖြင့် ကူညီစောင်မစေလိုသော ရည်ရွယ်ချက် ဖြစ်ပါသည်။

တစ်နှစ်တစ်ကြိမ် အဝေးရောက်အပြင် အနီးရှိ မိသားစုအားလုံးကို ပြန်လည်ဆုံစည်းစေပါသည်။ အဝေး ရောက် မိသားစုများမှ မိမိတို့၏ မွေးရပ်မြေသို့ ပြန်လည်ဆုံစည်းကြသည့်အခါ မိမိတို့နှင့် သက်ဆိုင်ရာ အသက်မွေးဝမ်းကြောင်းမှုများမှ ထွက်ရှိသော အသီးအနှံများနှင့် စားသောက်ဖွယ်ရာကို ပြန်လည်ယူဆောင်လာကြပါသည်။

တစ်နှစ်တစ်ကြိမ် ပြန်လည် ဆုံစည်းနိုင်ရေးအတွက်လည်း နေ့ရက်ချိန်ခါများကို ကြိုတင်သတ်မှတ်ထား လေ့ရှိပါသည်။ အချို့သော မိသားစုများမှာ မွေးရပ်မြေမှ ဝေးခြားမြေခြားသို့ ရောက်ရှိနေကြရာ လမ်းခရီး အခက်အခဲ အမျိုးမျိုးကြောင့် စုံလင်စွာ ပြန်လည်ဆုံစည်းနိုင်သည့် အချိန်ကို စောင့်ဆိုင်းနေကြရပါသည်။ မိသားစုများ စုံလင်သည်အထိ စောင့်ဆိုင်းနေကြချိန်တွင် နေရပ်ဒေသအသီးသီးမှ ယူဆောင်လာကြသော စားသောက်ဖွယ်ရာများကို ပျော်ရွှင်စွာ စုပေါင်းစားသောက်လေ့ရှိပါသည်။ ထိုကဲ့သို့ စုပေါင်းစားသောက်မှုများကို နှစ်ရက်သုံးရက် သို့တည်းမဟုတ် တပတ်အထိ ပြုလုပ်လေ့ ရှိပြီး မိသားစုများစုံလင်စွာ ဆိုက်ရောက်ကြသည့် နောက်ဆုံးသော ရက်တွင် **ရိုးရာချည်ဖြူဖွဲ့ မင်္ဂလာ** အခမ်းအနားကြီးကို ကျင်းပလေ့ရှိကြပါသည်။

ဤ **ရိုးရာ ချည်ဖြူဖွဲ့ ခြင်း၏ အဓိပ္ပါယ်သည် လူမျိုးတစ်မျိုးတည်းနှင့် မိသားစု တစ်စုတည်း မှ ဆင်းသက်လာကြသည့် သင်္ကေတ အမှတ်အသားအဖြစ် သတ်မှတ်ပါသည်။ တစ်စိတ်တစ်ဝမ်းတည်းနှင့် စည်းလုံးညီညွတ်ခြင်းဟူသော အဓိပ္ပါယ်ဖြစ်ပါသည်။** မိသားစုဝင် တစ်ဦးဦး သို့တည်းမဟုတ် မိသားစု အသိုင်းအဝိုင်းများမှ မည်သည့် အခက်အခဲကိုမဆို ရင်ဆိုင်ကြုံတွေ့ခဲ့ရသော် အခြားသော မိသားစုဝင်များမှာ သွားရောက်ကူညီစောင်မနိုင်ရန်ဖြစ်ပါသည်။ မည်သည့်နေရာ၌မဆို ဆုံစည်းမိပါကလည်း မိမိတို့သည် **လူမျိုးတစ်မျိုးတည်းနှင့် မိသားစုတစ်စုတည်း**မှ ဆင်းသက်လာကြသူများ ဖြစ်ကြောင်းသိရှိနိုင်ရန် **သင်္ကေတအမှတ်အသား** ဖြစ်ပါသည်။ စည်းလုံးညီညွတ်ခြင်းနှင့် အပြန်အလှန်ကူညီစောင်မခြင်း ဟူသည့် အဓိပ္ပါယ်ဖြစ်ပါသည်။

တစ်နှစ်တစ်ကြိမ် ပြန်လည်ဆုံစည်းကြသည့် နောက်ဆုံး ရက်တွင် ခေါင်းဆောင်များနှင့် မိဘ၊ သက်ကြီးရွယ်ကြီးများမှ ဆုံးမစကားများနှင့် မှာကြားသင့်မှာကြားထိုက်သည်များကို ကောင်းနိုးရာရာများ ဆုံးမမှာကြားလေ့ရှိပါသည်။ သည့်အပြင်၊ မိဘ၊ သက်ကြီးရွယ်ကြီးများမှ မိသားစုများအတွက် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာခြင်း၊ ရွှင်လန်းခြင်း၊ ကြီးပွါးခြင်း၊ သာယာဝပြောခြင်းနှင့် ဘေးရန်အပေါင်းမှ ကင်းဝေးစေရန်အတွက် ဆုမွန်ကောင်းတောင်းလေ့ရှိပါသည်။

**ကရင့် အမျိုးသား အပေါင်းတို့**

**ကရင့်ရိုးရာ ချည်ဖြူဖွဲ့ မင်္ဂလာ၏ အဓိပ္ပါယ်နှင့် အနှစ်သာရသည် လူမျိုးတစ်မျိုး၏ ရိုးရာမင်္ဂလာ အခါသမယ**နှင့် သက်ဆိုင်သည့် မိသားစုတစ်စုအပြင် လူမျိုးတစ်မျိုး၏ စည်းလုံးညီညွတ်မှုနှင့် စည်းစည်းလုံးလုံး နေထိုင်ကြခြင်းဟူသည့် **သင်္ကေတ အမှတ်အသား** ဖြစ်ပါသည်။ လက်ရှိအခြေအနေတွင် မိမိတို့ ကရင်အမျိုးသားများသည် အခြေအနေ အရပ်ရပ်နှင့် အခက်အခဲ အမျိုးမျိုးကြောင့် ကမ္ဘာ့နိုင်ငံအများအပြားတွင် အခြေချ နေထိုင်လျှက်ရှိကြပါသည်။ ထိုကဲ့သို့ ဝေးကွာနေရသော်လည်း ဖြစ်ပေါ်

တိုးတက်နေသည့် နည်းပညာများမှ တစ်ဆင့် ဆက်သွယ်နိုင်ပါသည်။ မိမိတို့နှင့် သက်ဆိုင်သော သတင်း နှင့် အကြောင်းအရာများကို အပြန်အလှန် ဖလှယ်ရယူကြပြီး အချိန်မရွေး ကူညီစောင်မနိုင်ပါသည်။

ယခုကဲ့သို့သော Covid-19 ကပ်ရောဂါများ ကူးစက်ပြန့်ပွါးနေချိန်တွင် လူစုလူဝေးကြီးဖြင့် ဆုံစည်းစုဝေးကြရန် အခက်အခဲရှိပါသည်။ သို့ရာတွင်၊ ပြည်တွင်းပြည်ပရှိ မိမိတို့ ကရင့် အမျိုးသားများအား အပြန်အလှန် သတိရခြင်း၊ ဆုမွန်ကောင်းတောင်းခြင်းဖြင့် မိမိတို့ ကရင့် အမျိုးသားများ၏ နိုင်ငံရေး ရည်မှန်းချက်များ ပြီးမြောက်အောင်မြင်သည်အထိ စည်းစည်းလုံးလုံးဖြင့် အပြန်အလှန် ကူညီစောင်မနိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ယခုကဲ့သို့ Covid-19 ကပ်ရောဂါများ ကူးစက်ပြန့်ပွါးနေချိန် ကူးစက်မှုများ ဆိုးဝါးလာမှု မရှိစေရေးအတွက် **ကရင့်ရိုးရာ ချည်ဖြူဖွဲ့ မင်္ဂလာ အခါသမယတွင်** ချမှတ်ထားသော Covid-19 ကပ်ရောဂါဆိုင်ရာ စည်းမျဉ်းစည်းကမ်းများအား လိုက်နာရန် လိုအပ်ပါသည်။ ကရင့် အမျိုးသားအားလုံး ကိုယ်စိတ်နှစ်ဖြာ ရွှင်လန်းကြပြီး ရန်သူမျိုးအပေါင်းမှ ကင်းဝေးလျက် သာယာဂပြောသည့် ဘဂအသက်တာများကို ပိုင်ဆိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ကေအဲန်ယူ-ကရင်အမျိုးသား အစည်းအရုံး၊**
**ဗဟိုဌာနချုပ်**